# ၁၉၅၇ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၈။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့အက်ဥပဒေ၏ပုဒ်မ ၁၅ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''ဝန်ထမ်းတပ်မှူး'' ဆိုသည့်စကားရပ်အစား၊ '' တပ်မှူးချုပ် '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ်ထည့်သွင်းရမည်။

''(၃) တပ်မှူးချုပ်သည်၊ ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်ကို အုပ်ချုပ်ရမည့်ပြင်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ထိုဝန်ထမ်းတပ်နှင့် စပ်လျဉ်း၍၊ မိမိအားလွှဲအပ်သည့် အဖွဲ့၏အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။ တပ်မှူးချုပ်သည်၊ ယင်းသို့မိမိအား လွှဲအပ်ထားသောအာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို လွှဲအပ်ရန်လိုအပ်လျှင်၊ ထိုအာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို၊ ဒုတိယတပ်ရင်းမှူးရာထူးအောက် မငယ်သောအရာရှိ တဦးဦးအားတဆင့်လွှဲအပ်နိုင်သည်။''

*တပ်မှူးချုပ်။*

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၆ အဖြစ်ထည့်သွင်းရမည်။

''၁၆။ ။အဖွဲ့သည်၊ ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်၏စည်းကမ်းသေဝပ်မှုနှင့် စပ်လျဉ်းသည့် ပြစ်မှုတခုခုကို ကျူးလွန်သော၊ ပြန်လည်ထူထောင်ရေးအဖွဲ့ ရာထမ်း မှထမ်းများအား၊ အောက်ပါပြစ်ဒဏ်တခုခုကို စီရင်နိုင်သည်။

*စည်းကမ်းသေဝပ်မှုနှင့် စပ်လျဉ်းသည့်ပြစ်မှုအတွက် ပြစ်ဒဏ်။*

(က) ပြစ်တင်ဆုံးမခြင်း။

(ခ) ရာထူးအဆင့်အတန်းလျှော့ချခြင်း။

အဘိုး—၁၈ ပြား]

(ဂ) အဖွဲ့ပိုင်ပစ္စည်းတခုခုကို ပျက်စီးဆုံးပါးအောင်ပြုသည့်အတွက်၊ လျော်ကြေးပေးစေရန်လစာငွေနှင့် စရိတ်ကြေးငွေမှ ဖြတ်တောက်ခြင်း။

(ဃ) ခွင့်မရဘဲ အလုပ် ပျက်ကွက်သည့် နေ့ရက်များအတွက် လစာငွေနှင့် စရိတ်ကြေးငွေမှ ဖြတ်တောက်ခြင်း။

(င) တလအတွက်လစာငွေအထိ ငွေဒဏ်တပ်ရိုက်ခြင်း။ ''

၄။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၇ အစား၊ အောက်ပါကို၊ ပုဒ်မ ၁၇ အဖြစ်ထည့်သွင်းရမည်။

'' ၁၇။ ။အဖွဲ့သည်၊ အောက်ပါ ကိစ္စများကိုဆောင်ရွက်ရမည်။

**အဖွဲ့၏အလုပ်ဝတ်တရားများ။**

(က) ပြန်လည် ထူထောင်ရေး ဝန်ထမ်း တပ်များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသင့်လျော်သော နေရာများတွင် သင့်လျော်သော အချိန်၌ တည်ထောင်ရန်ကိစ္စ။

(ခ) ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်၏ ရာထမ်း မှုထမ်းများ အတွက်လိုအပ်သောပညာများကိုသင်ကြားလေ့ကျင့်ပေးရန်၊ ပညာသင်တန်းများနှင့် လေ့ကျင့်ရေး စခန်းများ တည်ထောင်ရန်ကိစ္စ။

(ဂ) နိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေးစီမံကိန်းများ ထမြောက် အောင်မြင် စေရန်သက်ဆိုင်ရာ အစိုးရဌာနများနှင့် သော်၎င်း၊ သက်ဆိုင်ရာ ဒေသန္တရ အဖွဲ့များနှင့် သော်၎င်း စီစဉ်ဆက်သွယ်၍ ဆောင်ရွက်ရန်ကိစ္စ။

(ဃ) ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်၏ရာထမ်း မှုထမ်းများနှင့် ထိုသူတို့ကို မှီခိုနေသောဇနီးသားသမီးများ သက်သာချောင်ချိမှု အတွက်လိုအပ်သော အစီအစဉ်များ၊ လုပ်ငန်းများကို တည်ထောင်ပြုလုပ်ပေးရန်ကိစ္စ။

(င) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း လိုအပ်သော ဒေသများတွင် စနစ်တကျမြို့ပြ၊ ကျေးရွာများထူထောင်ပေးရန်ကိစ္စ။

(စ) အစိုးရဌာနအားလုံး၊ အစိုးရအထောက်အပံ့ခံဘုတ်အဖွဲ့ အားလုံးနှင့် ကော်ပိုရေးရှင်းအားလုံးတို့၏ လုပ်ငန်းများကို တာဝန်ခံ၍ဆောက်လုပ်ရန်ကိစ္စ။

(ဆ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် နှစ်ပတ်လည် အစီရင်ခံစာများကိုနိုင်ငံတော်သမတ ထံတင်သွင်းရန်ကိစ္စ။ ''

၅။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၈၊ အပိုဒ် (ဃ) နောက်တွင် အောက်ပါကို၊ အပိုဒ် (င) အဖြစ်ထည့်သွင်းရမည်။

'' (င) အဖွဲ့၏ တာဝန် ဝတ်တရားများနှင့် အလုပ် ဝတ်တရားများကို ဆောင်ရွက်ရာတွင် ကုန်သွယ်မှုလုပ်ငန်း စည်းမျဉ်းများ အတိုင်း လိုက်နာ ဆောင်ရွက်ခြင်း။ ''

၆။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) အဖွဲ့သည်၊ ငွေစာရင်းများကိုဖြစ်စေ၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြား မှတ်တမ်းများကိုဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် စာရင်းစစ်ချုပ် ပြဋ္ဌာန်းသည့် နည်းလမ်းနှင့် ပုံစံအတိုင်း ထားရှိရမည်။ ဘဏ္ဍာတော်နှစ် အသီးသီးနှင့်စပ်လျဉ်းသည့် အဖွဲ့၏ နှစ်ချုပ်ငွေစာရင်းကို၊ ကုန်သွယ်မှုလုပ်ငန်း စည်းစနစ်များအတိုင်းစီစဉ်ရေးသားရမည်။"

၇။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၉ တွင်—

(က) အပိုဒ် (ခ) အစား၊ အောက်ပါကို၊ အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) အဖွဲ့၏ရုံးဆိုင်ရာ ရာထမ်း မှုထမ်းများနှင့်ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်ဆိုင်ရာ ရာထမ်း မှုထမ်းများ၏ ရာထူးကို တီထွင်ခြင်း၊ အဆိုပါ ရာထမ်း မှုထမ်းများကို ခန့်ထားခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ထိုသူတို့၏ လစာ၊ စရိတ်နှင့် အမှုထမ်းစည်းကမ်းများကို သတ်မှတ်ခြင်း။"

(ခ) အပိုဒ် (ဃ) တွင် "အာဏာများ" ဆိုသည့် စကားရပ်အစား၊ "အာဏာများ၊ တာဝန်ဝတ္တရားများနှင့် အလုပ် ဝတ္တရားများ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ စ၊ အမှတ် ၄၂၊ တရားရေးဝန်ကြီးဌာန၊ ၂၆-၂-၅၀—၂,၂၀၀—၂။